# ‘ရေရှိလျှင်ငါးရှိသည်။’

မြန်မာရှေးရိုးစကားပုံ

## မြန်မာ့အစားအစာနှင့် ငါးကဏ္ဍ

ကမ္ဘာတဝှမ်း ငါးစားသုံးမှုများမှာ တန်ချိန် ၁၄၂ သန်းခန့်ရှိပြီး၊ ငါးလုပ်ငန်းမှ လူဦးရေ ၄၅ သန်းခန့်၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေအရင်းအမြစ် အဖြစ်လည်း ပံ့ပိုးပေးလျှက် ရှိပါသည်။ မြန်မာတို့၏ ငါးစားသုံးမှုဓလေ့နှင့် စီးပွားရေးအရ ပြည်သူ့ကျန်းမာရေးအတွက် ငါးသည် အရေးကြီးသောကဏ္ဍတွင် ရှိနေပါသည်။ မြန်မာလူမျိုးတို့၏ သားငါးစားသုံးမှုတွင် ငါးစားသုံးမှုမှာ ထက်ဝက်ခန့် ရှိပါသည်။ ဆန်စားသုံးမှုပြီးလျှင် ငါးစားသုံးမှုမှာ ဒုတိယနေရာတွင် ရှိပါသည်။ လူသားများ ကြီးပွားရန် မရှိမဖြစ်လိုအပ်သော အဏုအာဟာရနှင့် အဆီဓါတ်များ ပါရှိနေပါသည်။ ထိုအာဟာရများမှာ ကလေးများ၏ သင်ယူမှုဉာဏ်ရည်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုအတွက် မွေးဖွားပြီး ရက်ပေါင်း ၁၀၀၀ အတွင်း လိုအပ်သော အာဟာရဖြစ်ပါသည်။

ပြည်တွင်းရေလုပ်ငန်း ဈေးကွက်ကွင်းဆက်များသည် အလုပ်အကိုင်အခွင့်အလမ်း နှင့် စီးပွားရေးကို ဖော်ဆောင်ပေးလျှက်ရှိသဖြင့် ငါးလုပ်ငန်းမှာ အရေးကြီးသော ကဏ္ဍတစ်ခု ဖြစ်ပါသည်။ ရေထွက်ပစ္စည်း စီမံထုတ်လုပ်သော လုပ်ငန်းမှာလည်း လူအများအထူးသဖြင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိရန် လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။ ငါးသည် မြန်မာမိသားစုများအတွက် အရေးကြီးသော ရိက္ခာ ဖြစ်သောကြောင့် ကျေးလက်နှင့် မြို့ပြဈေးများတွင် မရှိမဖြစ် ရောင်းချလျှက် ရှိပါသည်။ ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုများကို ဖန်တီးပေးသော ငါးဖမ်းလုပ်ငန်းနှင့် ငါးမွေးမြူခြင်းများမှာ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသော ကမ်းခြေနေ ကျေးလက်ပြည်သူများအတွက် အထူးအရေးကြီးပါသည်။

ကမ္ဘာ့အစားအစာကုန်သွယ်ရေးတွင် ငါးသည် အများဆုံးပါဝင်လျှက်ရှိပါသည်။ ကမ္ဘာ့ငါးဈေးကွက်တွင် ဝယ်လိုအားမှာ ဖြည့်တင်းနိုင်သည့်ထက် ပိုမိုလာမည် ဖြစ်ပါသည်။ ထိုအခါ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာသို့ အဓိကငါးတင်ပို့သော နိုင်ငံအဖြစ် အသွင်ကူးပြောင်းရန် အလားအလာများ ရှိနေပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းအရ ၂၀၁၃ -၂၀၁၄ တွင် မြန်မာနိုင်ငံ၏ ငါးတင်ပို့မှုမှ ဒေါ်လာ ၅၃၆ သန်း ရရှိခဲ့ပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာစေရန် ငါးလုပ်ငန်း စီမံခန့်ခွဲမှုများကို ပြုပြင်ပြောင်းလဲရန် အခွင့်အလမ်းများ များစွာရှိနေပါသည်။

## မြန်မာနိုင်ငံရေလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း - မည်သည့်လမ်းကို ရွေးမည်နည်း၊

ဤစာတမ်းအပါအဝင် တင်ပြသော မူဝါဒစာတမ်း(၅)ခုသည် မြန်မာနိုင်ငံ၏ ရေလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူခြင်းကို ရေရှည်တည်တံ့ခိုင်မြဲစေမည့် တိုးတက်ဖြစ်ထွန်းမှုများအတွက် ရှေ့အလားအလာများနှင့် အဓိကအကြံပြုချက်များကို အောက်ပါအတိုင်း တင်ပြထားပါသည်။

**ကမ်းဝေးငါးလုပ်ငန်း** - အလွန်အကျွံဖမ်းဆီးထားသဖြင့် ဆုတ်ယုတ်လျှက်ရှိသော ပင်လယ်ငါး သယံဇာတများကို ပြန်လည်ထူထောင်ရန် မိတ်ဖက် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပင်လယ်ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် အုပ်ချုပ်ရေးကို ဖော်ဆောင်နိုင်ပါမည်။ လက်ရှိငါးလုပ်ငန်းဥပဒေနှင့်ပေါ်လစီများကို ခေတ်ကာလ နှင့် အညီပြုပြင်ခြင်း၊ ဌာနဆိုင်ရာများကို ပြန်လည်ဖွဲ့စည်းခြင်း၊ ငါးလုပ်ငန်း စီမံခန့်ခွဲမှုများကို ပြန်လည်ပြုပြင်ခြင်းဖြင့် မြန်မာပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေးအလားအလာများကို ဖေါ်ဆောင်နိုင်မည် ဖြစ်ပါသည်။ မြန်မာ့အဏ္ဏဝါသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အမျိုးသားအဆင့် ရိက္ခာဖူလုံရေး၊ နိုင်ငံတကာ ငါးကုန်သွယ်ရေးအတွက် အထောက်အကူ ဖြစ်လာမည် ဖြစ်ပါသည်။

**ကမ်းနီးငါးလုပ်ငန်း** - ကမ်းနီးငါးဖမ်းကျေးရွာများနှင့် ငါးလုပ်ငန်းအခြေပြု အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်ခိုင်မာလာစေရန် ငါးလုပ်ငန်းဥပဒေနှင့် ပေါ်လစီများကို စနစ်တကျရေးဆွဲဆောင်ရွက်နိုင်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ ပါဝင် ညှိနှိုင်းခြင်းနှင့် ဥပဒေသက်ရောက်မှု ပိုမိုခိုင်မာစေရန် ဆောင်ရွက်ခြင်းလည်း ပါဝင်ပါသည်။ ကမ်းခြေ ငါးလုပ်ငန်းဆိုင်ရာ သတင်းနှင့်အချက်အလက်များသည် ကမ်းခြေဒေသ ငါးလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တိုးတက်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်ချက်များ ဖြစ်ပါသည်။

**ရေချိုငါးလုပ်ငန်း** - ရေချိုငါးလုပ်ငန်း သယံဇာတနှင့်ဆက်စပ်သော အတွေ့အကြုံ ဗဟုသုတများနှင့် သယံဇာတအခြေအနေများမှာ အရေးကြီးသော လိုအပ်ချက် ဖြစ်ပါသည်။ ရေရှည်တည်တံ့ပြီး မျှတစွာခံစားနိုင်သော ငါးထုတ်လုပ်မှု တိုးတက် လာစေရန် စုပေါင်းစီမံခန့်ခွဲခြင်း၊ ဆည်တမံများတွင် ငါးလုပ်ငန်းဆောင်ရွက်ခြင်း တို့မှာ အလားအလာကောင်းများ ဖြစ်ပါသည်။ ရေချိုငါးလုပ်ငန်းမှ ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှု တိုးတက်ဖြစ်ပေါ်ရေးကို အထောက်အကူပြုသော ငါးလုပ်ငန်း ဥပဒေအသစ်များ ရေးဆွဲရန်လည်း လိုအပ်ပါသည်။

**ရေသတ္တဝါမွေးမြူခြင်း** - ရေသတ္တဝါ မွေးမြူရေးလုပ်ငန်းသည် ပြည်တွင်းစားသုံးသူ များနှင့် နိုင်ငံတကာဈေးကွက် ဖြည့်ဆည်းရန်၊ ကျေးလက်ပြည်သူများ ဝင်ငွေ ရရှိရေးအတွက်လည်း အလားအလာကောင်းသည့်ကဏ္ဍ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရေသတ္တဝါမွေးမြူရေးအတွက် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသော အစီအစဉ်များချမှတ်ခြင်း၊ ဌာနဆိုင်ရာများ၏ စွမ်းဆောင်မှု နှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရန်ဆောင်ရွက်ခြင်း၊ အခြေခံလိုအပ်ချက် အဆောက်အအုံနှင့် အရင်းအနှီးများ ထူထောင်ပေးခြင်း စသည်များကို ပံ့ပိုးပေး နိုင်ပါသည်။ ရေလုပ်သားများအနေဖြင့်လည်း သတင်းအချက်လက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဈေးကွက်ချိတ်ဆက်မှုများ လွယ်ကူစွာရရှိနိုင်သော အခြေအနေရှိရန် လိုအပ်ပါသည်။

## ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်များ (SDG) နှင့် နှိုင်းယှဉ်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာမှ ကျင့်သုံးရန်နည်းလမ်းများ

ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်များ **(SDGs)** - မြန်မာအပါအဝင် ၁၉၃နိုင်ငံတို့သည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ(၃)ခုကို အခြေပြု၍ ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကို ဖော်ဆောင်ရန် သဘောတူညီခဲ့ကြပါသည်။ ဤသဘောတူညီချက်ကို အခြေပြု၍ ကမ္ဘာတဝှမ်း စိတ်ဝမ်းညီညွတ်စွာ ဖော်ဆောင်ရမည့် ဆောင်ရွက်ရန်ပန်းတိုင်(၁၇)ချက်ကို သတ်မှတ်ခဲ့ကြပါသည်။


မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဆိုင်ရာမူဝါဒများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သော နိုင်ငံတကာဆောင်ရွက်မှု နည်းလမ်း ၂ ခုမှာ -

- **ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ တာဝန်သိစွာဖြင့် ငါးလုပ်ငန်းဆောင်ရွက်ရန် ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများ (CCRF)** - ဤ CCRF ကို မြန်မာ အပါအဝင် နိုင်ငံပေါင်း ၁၇၀ကျော်တို့သည် ကမ္ဘာတဝှမ်းရှိ ကျယ်ပြန့်သည့် ရေလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အချက်အလက်များအပေါ် အခြေခံပြီး စည်းမျဉ်းစုစည်းထားပါသည်။



## မြန်မာနိုင်ငံရေလုပ်ငန်းမိတ်ဖက်အဖွဲ့

မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းများနှင့် ရေသတ္တဝါမွေးမြူခြင်းတွင် ရေရှည် တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နိုင်ငံတော်အစိုးရမှ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု လုပ်သောအခါ အထောက်အကူပေးနိုင်ရန် မြန်မာနိုင်ငံရေလုပ်ငန်း မိတ်ဖက်အဖွဲ့ကို ဖွဲ့စည်းနိုင်ရန် စတင်ဖော်ပြပြီး ဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တက္ကသိုလ် များနှင့် ရေလုပ်သား ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ရခိုင်ပြည်နယ် ရေလုပ်ငန်းမိတ်ဖက်အဖွဲ့ ဆောင်ရွက်ခြင်းများမှတဆင့် စတင်ပေါ်ပေါက် လာခဲ့ပါသည်။ ရခိုင်ပြည်နယ် ရေလုပ်ငန်းမိတ်ဖက် အဖွဲ့ကြီးမှ ၂၀၁၄ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ ပူးပေါင်း ရေးဆွဲနိုင်ခဲ့ပါသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တွင်လည်း တိုင်းဒေသကြီးဆိုင်ရာ ရေချိုငါးလုပ်ငန်း ဥပဒေပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ၂၀၁၆ခုနှစ် အစောပိုင်းကာလတွင် စတင်၍ ဆွေးနွေးခဲ့ကြပါသည်။ ၎င်းမှတဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ကာ ပြည်ထောင်စုအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ရေလုပ်ငန်း နှင့် ပေါင်းစပ်အရင်းအမြစ်များ စီမံခန့်ခွဲခြင်းအပေါ် ပြည်ထောင်စုအဆင့် မဟာဗျူဟာအစီအမံများ ချမှတ်နိုင်ရေးအတွက် နေပြည်တော်၊ မန္တလေး နှင့် ရန်ကုန်မြို့များတွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံရေလုပ်ငန်းအဖွဲ့ စတင်နိုင်ခြင်းနှင့် ရေလုပ်ငန်းဆိုင်ရာ ဤမူဝါဒစာတမ်းများကို ရေးဆွဲ နိုင်ခြင်းသည် ဤလုပ်ငန်းစဉ်အတွက် ကြီးမားသော အထောက်အကူကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။




### အလှူရှင်

Australian Government
Australian Centre for International Agricultural Research

Australian Aid

### အခြားထောက်ပံ့သူများ

Livelihoods and Food Security Trust Fund

USAID FROM THE AMERICAN PEOPLE

### မြန်မာ့ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့

ARIZONA
CESD Centre for Economic & Social Development
Cuso International
EDF Environmental Defense Fund
PYOE PIN Programme
Stockholm Resilience Centre
Stockholm University
WCS
WorldFish

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့သော စီမခန့်ခွဲမှုများကို ဦးတည်သည့် အမျိုးသားအဆင့် ရေလုပ်ငန်းဆိုင်ရာ ဥပဒေမူဝါဒများ ပိုမိုပြည့်စုံကောင်းမွန်စေရန် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

- **အငယ်စားရေလုပ်ငန်းများကို အကာအကွယ်ပေးရန် စေတနာရှေ့ထား ဆောင်ရွက်ရန် လမ်းညွှန်** - ဤလမ်းညွှန်ချက်သည် CCRF ကို ဖော်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေရန် ပြုစုထားခြင်းဖြစ်ပါသည်။ ဤသဘောတူညီချက်သည် ကမ္ဘာ့နိုင်ငံများအနေဖြင့် အငယ်စားငါးလုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်မှုပေးရန် ပထမဦးဆုံးသော သဘောတူညီချက် ဖြစ်ပါသည်။ ဤသဘောတူညီချက်သည် လူ့အခွင့်အရေးကို ရှေ့တန်းတင်ထားပြီး ကမ်းခြေဒေသများရှိ အငယ်စားငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းရေးကို ဖော်ဆောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ခြင်း နည်းလမ်းများကို ဖော်ပြထားပါသည်။

## မူဝါဒစာတမ်းများ၏ရည်ရွယ်ချက်

မြန်မာနိုင်ငံငါးလုပ်ငန်းတွင် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရမှ ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်စေရန်ရည်ရွယ်၍ မြန်မာ့ရေလုပ်ငန်း မိတ်ဖက်အဖွဲ့အနေဖြင့် ငါးလုပ်ငန်းမူဝါဒဆိုင်ရာ စာတမ်း(၄) စောင်ကို ရေးသားပြုစုခဲ့ပါသည်။ ငါးလုပ်ငန်းကို ပြန်လည်ထူထောင်ရန် အခြေခံလိုအပ်ချက်ဖြစ်သော ငါးသယံဇာတများနှင့် ငါးနေငါးထိုင် (ဂေဟစနစ်) များ ပြန်လည်တိုးပွားလာစေခြင်း၊ လျော်ကန်သင့်မြတ်သော အလုပ်အကိုင်နှင့် လုပ်သားများ ဖြစ်စေရန်ဖော်ဆောင်ပေးခြင်း၊ အခွန်ကောက်ခံခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းတွင် ပွင့်လင်းမြင်သာ ရှိစေခြင်းစသည်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ဆောင်ရန် နိုင်ငံရေးအပြောင်းအလဲဖြစ်သော ယခုကာလမှာ အချိန်အခါကောင်း ဖြစ်ပါသည်။ ငါးလုပ်ငန်း ပြန်လည်ပြောင်းလဲခြင်းဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူခြင်းကို ပြန်လည်ဆန်းသစ်ပုံဖော်ရန် နိုင်ငံတော်အဆင့်တွေ့ဆုံဆွေးနွေး၍ နည်းဗျူဟာများချမှတ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဤမူဝါဒ စာတမ်းများကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။ ငါးလုပ်ငန်းကို အများပြည်သူများ မျှတစွာ ဆောင်ရွက်ခံစား ရရှိနိုင်သော အခြေအနေကို ဖော်ဆောင်မည်ဖြစ်ပါက ယခုလက်ရှိ ငါးလုပ်ငန်းကို လွှမ်းမိုးထားသူများအနေဖြင့် လက်ခံနိုင်မည်မဟုတ်ပါ။ ယခုတင်ပြသော မူဝါဒစာတမ်းသည် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းအား ဒေသတွင်းနှင့် နိုင်ငံတကာ ငါးလုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများ၊ မူဘောင်များနှင့်အညီ ဖြစ်စေရန် တင်ပြထားပါသည်။

မူဝါဒစာတမ်းများသည် မြန်မာနိုင်ငံငါးလုပ်ငန်း၏ လက်ရှိအခြေအနေနှင့် ထင်ဟပ်ဆက်စပ် တင်ပြထားခြင်း ဖြစ်ပါသည်။ ကဏ္ဍတစ်ခုခြင်းတွင် တိုးတက်ဖြစ်ပေါ်မှု အခြေနေ၊ မြန်မာပြည်သူများအတွက် ငါးနှင့် ငါးလုပ်ငန်း အရေးပါမှု ငါးလုပ်ငန်းဆောင်ရွက်ရန်စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ပင်လယ်ကမ်းဝေး ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး စသည်ဖြင့် ကဏ္ဍ(၄)ခု ခွဲခြားတင်ပြထားပါသည်။




- ကမ်းဝေးငါးလုပ်ငန်း
- ကမ်းနီးငါးလုပ်ငန်း
- ရေချိုငါးလုပ်ငန်း
- ရေသတ္တဝါမွေးမြူခြင်း

ဝန်ခံချက် - ဤမူဝါဒ စာတမ်းအကျဉ်းတွင် တင်ပြချက်များမှာ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ သဘောဆန္ဒသာလျှင်ဖြစ်ပြီး ၄င်းတို့အား ကိုယ်စားပြုသော ဌာနဆိုင်ရာ၏ သဘောထားမဟုတ်ပါ။

